

ချစ်ခြင်းအားဖြင့်

# ကဗျာနှင့်စာ


ထူးအိမ်သင်

mgyoe.com

mgyoe.com

အသက်နဲ့အညီအမျှ
ကျိန်ဆို
မိုးမြို့တယ်စင်သီဟ
မင်းကိုငါချစ်တယ်

ချစ်ခြင်းအားဖြင့်
# ကဗျာနှင့်စာ
# ထူးအိမ်သင်






NF0104
3,000.00KS

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချစ်ခြင်းအားဖြင့် ကဗျာနှင့်စာ
# ထူးအိမ်သင်

ပထမအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

ချစ်ခြင်းအားဖြင့် ကဗျာနှင့်စာ၊ ထူးအိမ်သင်
သရုပ်ဖော်ပန်းချီများ - မှတ်သုံး၊ တော်တီဆွေ
စာမျက်နှာ ၇၂+ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ချစ်ခြင်းအားဖြင့် ကဗျာနှင့်စာ

ထူးအိမ်သင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အနုပညာရှင် 'ထူးအိမ်သင်' ၏ ကွယ်လွန်ခြင်း ၁၆ နှစ်ပြည့် အမှတ်တရ သူ့လက်ရာ ကဗျာ၊ စာများ စုစည်းလိုက်ခြင်း ဖြစ်ပါသည်။ လင်းထက်၊ ရဲသင်ရန်၊ သျှပ်မှူးကျော် အမည်များဖြင့် ရေးခဲ့သောစာများ ဖြစ်ပါသည်။

ယခုစီစဉ်မှုတွင် ထူးခြားသည်မှာ မည်သည့်စာစောင်၊ စာအုပ်၊ မဂ္ဂဇင်းတွင်မျှ မပါဝင် မဖော်ပြရသေးသော ခေါင်းစဉ်မပါသည့် လက်ရေးမူ ကဗျာသုံးပုဒ်ကို ဇနီးဖြစ်သူ သွယ်သွယ်ထွေးထံမှ ရရှိဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။

သူ့ထံသာ ရည်ရွယ်ပေးပို့ခဲ့သော ကဗျာလေးများ ဖြစ်လင့်ကစား စာဖတ်သူတို့လည်း ဖတ်ရှုခံစားနိုင်မည်ထင်ပါသည်။

***စီစဉ်သူများ***

mgyoe.com



mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အမေ | ၅ |
| ၂။ | 'မြ' | ၇ |
| ၃။ | စင်သီယာ (၁) မှ (၅) | ၉-၁၆ |
| ၄။ | မနှင်းဖြူ | ၁၇ |
| ၅။ | အစ၏အဆုံး (သို့မဟုတ်) အဆုံး၏အစ | ၃၁ |
| ၆။ | အသက်သည် အိပ်မက် | ၃၂ |
| ၇။ | သက်တံ့မြစ် | ၃၄ |
| ၈။ | ချောင်းကြည့်ပေါက်များ | ၃၇ |
| ၉။ | စံပယ်ဖြူအိပ်မက် | ၃၈ |
| ၁၀။ | အဖျားနဲ့လူ | ၄၀ |
| ၁၁။ | .........(ခေါင်းစဉ်ပေးမထား) | ၄၂ |
| ၁၂။ | .........(ခေါင်းစဉ်ပေးမထား) | ၄၄ |
| ၁၃။ | .........(ခေါင်းစဉ်ပေးမထား) | ၄၆ |
| ၁၄။ | မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍ | ၅၀ |
| – | Facebook ပေါ်မှ ပုံရိပ်များ | ၆၀ |


❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


**အမေ**

မိန်းမတကာထက်၌ ကျနော်လေးစားမြတ်နိုးမဆုံးသော
အနာဒိအနန္တမေတ္တာရှင် 'ချစ်သော မေမေ' သို့ ...

အမေ...
သားတော့ မီးလောင်နေပြီ
လူတွေကတော့ ရယ်မှာပဲ
သားရင်ထဲမှာ
ကဗျာ ...
ကဗျာ ...
ကဗျာ ...
သက်သာရာ ရမလားလို့ပါ
(ဒီတစ်ခါတော့ဖြင့်)
ဝမ်းရေစပ်ရင်လည်း
နည်းနည်းခွင့်လွှတ်ပါအမေ
သားတော့ မီးလောင်နေပြီ။

*သျှပ်မျိုးကျော်*

mgyoe.com



သူမ၏လက်ဝယ်
ထက် မြ သော...
မြှားတစ်စင်းတည်ငါ၊
သို့သော်
ဝေး မရှိ။


mgyoe.com


'မြဲ'

အခါတစ်ပါး၌ သူမ၏လက်ဝယ်
ထက် 'မြဲ' သော မြားတစ်စင်းတည်၏။
သို့သော် 'တေး' မရှိ။
ထိုအခါ
ငါ၏လက်ဝယ်
ချို 'မြဲ' သော စောင်းတစ်အိုးတည်၏။
သို့သော် 'ကြိုး' မရှိ။

သျှပ်မှူးကျော်

mgyoe.com




mgyoe.com

mgyoe.com

## စင်သီယာ (၁)

ငါမငိုဘူး
ပြာပုံမှာ လူးတဲ့ဘဝ
လွတ်မြောက်ရေး လမ်းစရှာတုန်း
မင်းအမုန်းကိုမေ့လို့
အငွေ့ပြန်နေတဲ့မျက်ရည်
လေပွေနဲ့ သစ်ရွက်
ချွေးစက်တွေ ချွေရဦးမယ်
တကယ်ပါ စင်သီယာ
ငါမငိုဘူး ...
ပထမဆုံး မင်းအတွက်ငါ
သေခဲ့တာကြာပြီ
မကြွေနဲ့စင်သီယာ
ငါ ...

mgyoe.com

mgyoe.com



မှုင်းရို့နောက်ဆုံးရယ်မောသံမှာ
ငါသေခဲ့ပြီ.. စင်သီယာ
ငါ့ကမ္ဘာ ဘယ်မှာလဲ...

mgyoe.com

mgyoe.com


## စင်သီယာ (၂)

ငါ့ကဗျာ ဘယ်မှာလဲ
မရဲတရဲ မေးခွန်း
တိုးတိတ်လွန်းမှာသိတယ်
နယ်မခဲ့မီနဲ့ ဝေဒနာ
ငါမနေတတ်ဘူး
အရှူးတစ်ယောက်ရဲ့လွမ်းချင်းကို
မင်းဘာကြောင့် နားထောင်ချင်တာလဲ
အသည်းမှာစွဲတဲ့ မြားချက်ဟာ
လူမသိဘဲ အသက်သေစေတယ်
နွေမှာဖြစ်တဲ့ မိုးတိမ်ဟာ
မုတ်သုံမလာခင် အိပ်စက်ရဦးမယ်
မင်းရဲ့ နောက်ဆုံးရယ်မောသံမှာ
ငါသေခဲ့ပြီ စင်သီယာ
ငါ့ကဗျာဘယ်မှာလဲ။

mgyoe.com

mgyoe.com

## စင်သီယာ (၃)

ငါမပြောတော့ဘူး
မင်းဦးနှောက်နံ့အိုင်တောမှာ
ဘောဂဗေဒဗေယားချပ်တွေ
မျက်တောင်ခတ်တဲ့ကိန်းဂဏန်းတွေ
"ငွေ .. ငွေ .. ငွေ" (မင်းတို့)
ဆိုနေကျ သီချင်းတစ်စမို့
ငါအလွတ်ရနေပြီ
ဒီအမှိုက်ပုံထဲ၊ ငါ့ကိုမဆွဲနဲ့စင်သီယာ ငါမလာနိုင်ဘူး
စူးစူးဝါးဝါးအော်ဟစ်
ချွေးမိုးအောက်နစ်ပါစေ
မင်းပြုံးနေ စင်သီယာ
ငါမပြောတော့ဘူး .. ။

mgyoe.com

mgyoe.com

2/




mgyoe.com

mgyoe.com

## စင်သီယာ (၄)

မင်းမညာနဲ့
ကွန်ပျူတာနှလုံးသားရှေ့
အသံမဲ့နေတဲ့ တိပ်တစ်ခွေ
မင်းငိုနေသလား .. အချစ်
အက်စစ်မျက်ရည်တွေပဲ
ငရဲဆန်လှတယ်
မင်းဘဝ ... မင်းအသက်
မင်းဟာ စက်ရုပ်ပဲ
မင်းလုပ်သမျှ ဆန္ဒမဲ့တယ်
ယန္တရားရဲ့ လည်ပတ်မှုဖြစ်စဉ်မှာ
ငွေဟာ လောင်စာပဲ စင်သီယာ
မင်းမညာနဲ့ ... ။

mgyoe.com

ယန္တရားရဲ့ လည်ပတ်မှုဖြစ်စဉ်မှာ

ငွေဟာလောင်စာပဲ ဝေသီယာ

မင်းမညာနဲ့...



mgyoe.com


## စင်သီယာ (၅)

မင်းကို ငါချစ်တယ်
ရာစုနှစ်ပေါင်းများစွာမှာ
လူတွေဒါပဲ ပြောကြတယ်
ငါ့အတွက်စကား ၅ လုံး
မင်းအပြုံးက ဝါးမျိုခဲ့
သရော်တဲ့ နှုတ်ခမ်းတွေ
ချွင် ချွင် မြည်နေတယ်
မြေကြီးသားဘဝမှာ
အဇ္ဈတ္တိကမီးပုံကြောင့်
ငါ့ရင်အုံလူသတ်ကွင်းထဲ
သားရဲတွေအစာတောင်းပြီး
အသက်နဲ့အညီအမျှ ကျိန်ဆို
မိုးပြို့တယ် စင်သီယာ
မင်းကို ငါချစ်တယ်။

သျှပ်မှူးကျော်

mgyoe.com

mgyoe.com


မနှင်းဖြူ

[ ၁ ]
ချစ်သူ
သင့်နှလုံးသားသည်
ပျားသို့ခို၍။
သို့ပြီးတကား
စားသွားမှု ထက်စွာ၏ ..။

mgyoe.com

mgyoe.com


[၂]
ဆောင်းဦးပေါက်ညများရဲ့
ပွင့်ဦးနှင်းဆီဖြူဟာ၊ ငါ့သခင်မ
ငါ့ဘဝရဲ့ကိုယ်ပွားအသက်ပါ။
မင်းဘဝနဲ့ ငါရှင်သန်တယ်။
ပို့ရွယ်ခြင်း၊ ချိုမြတဲ့အဆိပ်
အိပ်ရာဝင်ပုံပြင်ထဲက
နတ်သမီးတစ်ပါးရဲ့အလှကို ငါမှတ်မိခဲ့ပြီ။
ဒီဇင်ဘာမှာ နှင်းကျတယ်
တစ်လလုံးပါပဲ
ပထမဆုံးနှင်းပွင့်ကတော့
သူပေါ့ကွယ်၊ ဆွတ်ဆွတ်ဖြူဖြူ
ငန်းမွေးတောင်သွင်တူသော
နူးညံ့ချောနုခြင်းနဲ့ ငါ့ရဲ့အသက်
အိပ်မက်အပြုံးရှင်ပေါ့ ၊ သူ ....
မနှင်းဖြူ လေ။

mgyoe.com

mgyoe.com


[ ၃ ]
'မနှင်းဖြူ'
မင်းဘယ်သူလဲ ..
ငါကလွဲလို့ ၊ မင်းတောင်မှမသိ
မြတ်နိုးမိသူပါ။ သူဟာ ...
ငါ့ဘဝရဲ့ ပထမဦးဆုံး
နှင်းဖုံးတောင်တန်းများရဲ့ နတ်မိမယ်
သံယောဇဉ်အနွယ်များရဲ့ မိခင်
ပွင့်ဦးသခင် ဆိုနိုင်ပါရဲ့။
နွဲ့လျတဲ့ခြေလှမ်းများ
ငါ့နှလုံးသားမှာ ..
ဒဏ်ရာထင်အောင် ပြင်းထန်ခဲ့ ၊ ကဲ ...
ဒီလို ဘယ်သူသိမလဲကွယ်။


mgyoe.com

mgyoe.com


[ ၄ ]
ဆောင်းညရဲ့ နှုတ်ခမ်းအစွန်းမှာ
လမ်းများပေါ် ငါ တေးသီခဲ့တယ်
နားမလည်နိုင်တဲ့ ခံစားမှုဘဝ
တေးချင်းမှာ စတည်ခဲ့ပေါ့။
ဖျော့တော့တဲ့လရောင်သွန်းချိန်
မှိန်ပြာပြာ နှင်းစက်ကြွေသံလို
ကောင်းကင်ငိုနေရဲ့၊ အို .. အလှ
မင်းကို တမ်းတလို့ ..
'ကိုစောငြိမ်း' ရဲ့ 'ပွင့်ဦး'
ငါဆိုခဲ့ဖူးပြီ .. ။

mgyoe.com

mgyoe.com



mgyoe.com



mgyoe.com

mgyoe.com


[ ၅ ]
ဟောသည်မှာ အချစ် ..
ကဗျာလိုလှတဲ့ ပန်းပွင့်၊ သစ်ရွက်
စက်နဲ့လုပ်တာမဟုတ်။
မင်းအတွက်ပဲ သည်မှာ
နုံချာပေမယ့် လတ်ဆတ်တဲ့နှလုံးသား
ဥပေက္ခာမထားစေချင်
အရှင် .. သခင် ..
သစ်ခက်ပလ္လင်မှာစံ၍
တေးချင်းကို နာခံ
မိုးယံ၌ပြည့်သော ပီတိနှင့်
တင့်တယ်စေပါမည်။

mgyoe.com

[ ၆ ]
လုံမရဲ့အကြည့်
နေထိတဲ့ ပန်းပါပဲ၊
ညှိုးလျော်ဆဲအပြုံးဟာ
ပြည့်ဝပါပေရဲ့
စောင့်စားသူ နေပူမှာရပ်လို့
မင်းကို စောင့်ဖို့ ငါအသက်ရှင်တယ်။
သစ်ပင် ၊ တောတောင် ၊ နေရောင် ..
ငါ့သခင် အောင်နိုင်တယ်။
ဘယ်သူငြင်းမလဲ အိုအချင်းတို့
အို … အမျိုးကောင်းသားတို့
ငါ့အားခွင့်လွှတ်ကြပါလေ …
အချစ်စေကျွန်ဖြစ်တယ်။
ဇာမဏီငှက်၏ တင့်တယ်ခြင်းဖြင့်
ကြယ်ပွင့်တို့ကို နှံ့၌နစ်စေသူ ..
ချစ်ခြင်း ၊ မုန်းခြင်း ၊ ဥပေက္ခာနှင့် ခံယူမှု
ပန်းနုကျောက်ဆစ်အသွင်
မြင်သူတိုင်းအား အကြည့်ဖြင့်သိမ်းပိုက်သူ .. ။

mgyoe.com

mgyoe.com


[ ၇ ]
အို ... ချစ်သူလုံမ
ပထမဘဝမှာ တွယ်ငင်သော
သံယောဇဉ်ပိုင်စိုးသူ
နှင်းမြူသည်းပွတ်၊ ဆွတ်ဆွတ်ဖြူစင်၍
အိပ်မက်အငွေ့အသက်ပမာ
ငါမြတ်နိုးသူ ... ငါ့အား ...
သနားသဖြင့် ဥပေက္ခာသစ်ရိပ်မှ
ဖဲကြဉ်ခွင့်ရစေပါ။ ငါ့အား ...
ဝါမှုုင်ဂွမ်းစကဲ့သို့ ချိမ့်၍
သင့်အနမ်း၍ကြွေသော ပန်းပွင့်ရေအိုင်ထက်
သက်စေပါဘိ။


mgyoe.com

mgyoe.com

သစ်ရွက်လောင်းလှေဦးတွင်
သခင်မ စံပါ။
ကဗျာသစ်ခက်ဖြင့်ပြုသော
လှော်တက်ကို ငါကိုင်မည်။
အောင်နိုင်ခြင်းနှင့် ဒဏ်သင့်သောငါ့အား
အသာယာဆုံး တိတ်ဆိတ်ခြင်းဖြစ်သည့်
အချိုမြိန်ဆုံးတေးချင်းကို
ဆိုခွင့်ပြုပါ ၊ ထိုအခါ ...
ကမ္ဘာမြေသည် သခင်မအပြုံး၌ပွင့်သော
ဆည်းဆာပန်းပွင့်သစ်၏
နှစ်ချို့စပျစ်အရက်ပမာ
ငါမူးယစ်စွာ မွေ့ပျော်စေလိမ့်မည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


[ ၈ ]
အားလုံးပြီးဆုံးသွားခဲ့ပြီ ..
မနှင်းဖြူ
အားလုံးပြီးဆုံးသွားပြီလေ၊
အခုတော့ ......

mgyoe.com

mgyoe.com


[ ၉ ]

မြစ်တစ်စင်းမှာ သူ .. ငါ ..
နှစ်ခါရေမချိုးနိုင်
စီးဆင်းနေဆဲ အချိန်စက်ဝန်း
ပုံတူသွန်းလုပ်၊ အရုပ်ဆင်းတု
ပြုစုသူမဲ့ပေရဲ့ .. ။
ပစ္စုပ္ပန်မဲ့သောအခါ
အနာဂတ်မတည်စွမ်းသာ
သည်သို့ .. သံသရာရှိလျှင်အဆုံး၊ ငါမို့ဖြစ်ရင်း
ချစ်ခြင်းအပ မြဲစေ ..
ကျိန်စာဆိုခဲ့လေသလား
အို ... နတ်ဘုရားတို့ ။
အို ... ပိုင်ဆိုင်သူတို့ ။

*သျှပ်မှူးကျော်*

mgyoe.com



အင်္ဂလိပ်စာအဓိကဖြင့် ဇနီးဖြစ်သူ ဘွဲ့ယူစဉ်က။

mgyoe.com
mgyoe.com

mgyoe.com


## အစ၏အဆုံး (သို့မဟုတ်) အဆုံး၏အစ

ကမ္ဘာဦးသူတို့သည် ရသပထဝီကိုစားကုန်၏။
အချို့အဆင်းလှကုန်၏။
အချို့အဆင်းမလှကုန်။
ထိုသူတို့တွင်
အဆင်းလှသူတို့သည် အဆင်းမလှသူတို့ကို
မထီမဲ့မြင်ပြုကြကုန်၏။
ထိုသို့ပြုသည်ရှိသော် .. ။
(ဦးကုလားရာဇဝင်)

နှလုံးသားနဲ့ ဖတ်ဖို့
(ရင်ခွဲဖြစ်သော)
ချစ်ဇနီးသို့။

သျှပ်မှူးကျော်

mgyoe.com

## အသက်သည် အိပ်မက်

အိပ်မက်သည် သူ
သူသည် အသက်ဖြစ်စေ
ဆောင်းနှောင်းလျှင် နွေဦး၏
နွေဦး၌ နှင်းကြွင်းသည်။
နှင်းကြွင်းပြယ်သော်လည်း
သစ္စာကြွင်းစေ။
မြတ်နိုးခြင်း ကြွင်းစေ။

သျှပ်မှူးကျော်

mgyoe.com

mgyoe.com



ဆောင်းနှောင်းလျှင်
နွေဦးပေါ။
နွေဦး၌နှင်းကြွင်းသည်

mgyoe.com